ဖွန် (၄)

## လူတို့သည်ပြည့်စုံခြင်းကိုမြင်ရဖို့မလိုအပ်ပါ။

**မိမိ**သည် စိတ်ပျက်စရာကောင်းသော လူတစ်ယောက်ကဲ့သို့ခံစား မိလျှင် ပူပန်ခြင်းမရှိပါနှင့်။ အဘယ်ကြောင့်ဆိုသော် မိမိတို့အားလုံးက ဤအတိုင်းဖြစ် ကြသော ကြောင့်ပင် သခင်ယေရှုအကြောင်းကိုသာ ပြောပါ။ သင့်ပြဿနာများကို မေ့ထားပြီး သခင်ယေရှုအကြောင်းကိုသာ ပြောပါ။ သခင်ယေရှုအား ချီးမွမ်းထောမနာပြု၍ သူ့အားချစ်ပါက သင့်အနေနှင့် မှားယွင်းမှုရှိလိမ့်မည်မဟုတ်။ လူတို့က သင်သည် သူတို့ကဲ့သို့ပင် ဖြစ်ကြောင်းတွေ့ရသောအခါ သင်၏စုံစမ်းစစ်ဆေးခြင်းများနှင့် ပြဿနာများအားလုံးကို သခင်ယေရှုအား ပေးအပ်ပြီး သူကသင့်အား ထိုအခြားအရာတို့ကို ပြီးမြောက်အောင်မြင်စေကြောင်း သူတို့တွေ့မြင်ကြရသောအခါ ဤအခြားအရာတို့က သူတို့၏ယုံကြည်ခြင်းကို အားပေးရာ ရောက်စေလိမ့်မည် ဖြစ်သည်။

မိမိအနေနှင့် စိတ်ပျက်စရာကောင်းသည်ကို ခံစားရသော်လည်း သခင်ယေရှု အတွက် ဆက်လက်ထိန်းသိမ်းခြင်းအား ဆက်လုပ်နေသည်က ပို၍အရေးကြီးသည်။ မိမိပြဿနာအားလုံးကို သခင်ယေရှုကို ဆက်လက်ပေးအပ်နေပြီး သူ့အားဆက်လက်ယုံကြည်ကိုးစားသည် ဆိုသောအချက်က သင်ပြည့်စုံနေစဉ်တွင် ပေးနိုင်သောသက်သေခံခြင်းထက် အလွန်ပို၍ကြီးမားသော သက်သေခံချက်ပင်ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ၎င်းကမိမိကိုယ်ကို ချီးမြှောက်ခြင်းမဟုတ်ဘဲ အခြားသူတို့အား သခင်ယေရှုထံ ညွှန်ပြပြီး သူ့အား ဘုန်းအသရေ တိုးစေသောကြောင့်ဖြစ်သည်။

ထို့ကြောင့် သခင်ယေရှုအား ဆက်လက်ချစ်ပါ။ သူ၏နှုတ်ကပတ်တော်ထံပြေးခြင်းအား ဆက်လက်ပြုပါ။ အရာရာအတွက် အချိုးအကွေ့တိုင်း နေ့စဉ်အချိန်နှင့်အမျှမိနစ်တိုင်း သူ့အပေါ်အမှီသဟဲပြုခြင်းကို ဆက်လက်လုပ်ဆောင်ပါ။ သူ၏အသံတော် ဖမ်းယူပြီး သူ့နောက်တော်သို့လိုက်ခြင်းကို ဆက်လက်ပြုလုပ်ပါ။ ထိုအခြင်းအရာက အခြားသူတို့မြင်ဖို့ လိုအပ်သောအရာဖြစ်ပြီး ထိုအရာကသူတို့ ကိုအလားတူပြုရန် လှုံ့ဆော်တွန်းအားပေးသည့် အရာပင်ဖြစ်သည်။ သခင်ယေရှုသည် ထိုအရာကို သင့်အတွက် ပြုပေးနိုင်လျှင် သူသည် သူတို့အတွက်လည်း ပြုလုပ်ပေးလိမ့်မည်ဖြစ်ကြောင်း သူတို့သိကြလိမ့်မည်။